## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 2 , 2023 Volume 67, Number 2

၂.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၂၅ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၁.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၂.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၂.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၄၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၈.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

### ရွှေဈေးနှုန်းတည်ငြိမ်စေရန်ဟုဆိုကာ မန္တလေးရွှေအရောင်းအဝယ်ဈေးကွက် ဆက်လက်ပိတ်ထား

ရွှေဈေးနှုန်းတည်ငြိမ်စေရန်ဟုဆိုကာ မန္တလေးရွှေအရောင်းအဝယ်ဈေးကွက်ကို ဆက်လက်ပိတ်ထားကြောင်း မန္တလေးတိုင်းရွှေလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ မန္တလေးတွင် ရွှေဈေးနှုန်းများမြင့်တက်လာသည့်အတွက် မေ ၂၆ ရက်မှ ၃၁ ရက်အထိ ရွှေဈေးကွက်ပိတ်ထားခဲ့ပြီး ယနေ့ (ဇွန် ၁ ရက်)တွင်လည်း ရွှေဈေးနှုန်းမတည်ငြိမ်သေးသည့်အတွက် ဆက်လက်ပိတ်ထားခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဈေးကွက်မဖွင့်သေးဘူး။ ဆက်ပိတ်ထားတယ်။ တာဝန်ရှိသူတွေ သတ်မှတ်ထားတဲ့ သိန်း ၃၀ အောက်မရောက်မချင်း ဆက်ပိတ်ထားမှာပဲ” ဟု ၎င်းက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။ ရွှေဈေးပိတ်ထားခြင်းကြောင့် အွန်းလိုင်းပေါ်မှ ရွှေဈေးစွဲတင်နေသူများ၊ နယ်စပ်ဖြတ်ကျော်များနှင့် ကောလာဟလထုတ်လွှင့်မှုများ လျော့နည်းသွားနိုင်သည့်အပြင် ရွှေဈေးကွက်တွင်လည်း ဈေးနှုန်းပြောင်းလဲမှုများရှိလာနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များကသုံးသပ်ပြောဆိုကြသည်။

“ရွှေကုန်သည်တွေ အရောင်းအဝယ်ဈေးကွက်ကို ပိတ်ထားလိုက်တာ အရောင်းအဝယ်လေးသွားတာပေါ့။ အဓိကတော့ ဈေးကစားချင်တဲ့သူတွေ အဆင်မပြေတော့ဘူး။ ဒီလိုပိတ်လိုက်တဲ့အတွက် ကြီးကြီးကျယ်ကျယ်ထိခိုက်စရာတော့ မရှိပါဘူး။ တချို့ဖုန်းနဲ့လုပ်တာတွေတော့ ရှိမှာပေါ့” ဟု မန္တလေးမြို့၌ ရွှေဆိုင်ဖွင့်လှစ်ထားသူတစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက ယနေ့ (ဇွန် ၁ ရက်) မွန်းလွဲ ၁၂ နာရီခွဲတွင် ထုတ်ပြန်သည့် အကယ်ဒမီမီးလင်းရွှေ ရည်ညွှန်းဈေးမှာ ကျပ် ၂,၃၁၂,၆၀၀ ရှိပြီး၊ ပြင်ပဈေးကွက်တွင် ကျပ်သိန်း ၃၀ ကျော် ပေါက်ဈေးရှိကြောင်း၊ ပြည်တွင်း၌ ရွှေဈေးနှုန်းမြင့်တက်နေခြင်းကြောင့် ရွှေဝယ်ယူသူ သိသိသာသာနည်းပါးသွားပြီး၊ ပြန်လည်ရောင်းချသူများသာရှိကြောင်း ရွှေဆိုင်များထံမှသိရသည်။

**Source:** https://t.me/sdtimedaily

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## တင်သွင်းသည့် ပဲစင်းငုံနှင့်မတ်ပဲ လက်ထဲတွင် ရက် ၃၀ ထက် ပိုမထားရန် အိန္ဒိယအစိုးရညွှန်ကြား



https://www.foodindustrydirectory.com.mm

ပြည်ပမှတင်သွင်းသည့် ပဲစင်းငုံနှင့်မတ်ပဲတို့ကို အကောက်ခွန်ရှင်းလင်းရေးကိစ္စ ပြီးစီးသည့်ရက်မှ ရက်ပေါင်း ၃၀ ထက်ကျော်လွန်ပြီး လက်ထဲ ကိုင်မထားရန် အိန္ဒိယအစိုးရက သွင်းကုန်လုပ်ငန်းရှင်များကို ညွှန်ကြားချက် ထုတ်ပြန်ထားပါသည်။

အိန္ဒိယနိုင်ငံမှ စားသုံးသူတို့အကြား အရေးပါသည့် ပဲနှစ်မျိုးဖြစ်သော ပဲစင်းငုံနှင့် မတ်ပဲတို့ကို ပြည်တွင်းဈေးကွက်တွင် ဈေးမတက်အောင် ထိန်းကျောင်းရန် စားသုံးသူရေးရာ ဝန်ကြီးဌာနက ၎င်းညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့သည်။

ထို့ပြင် လက်ထဲရှိနေသည့် ပဲပမာဏများကို သောကြာနေ့တိုင်း အစီရင်ခံရန် ပဲကုန်သည်များကို ညွှန်ကြားထားသည်။ အိန္ဒိယနိုင်ငံ ပဲမျိုးစုံနှင့်ကောက်နှံအစေ့အဆန်များအသင်း Indian Pulses and Grains Associationမှ ၎င်း၏ အဖွဲ့ဝင်အားလုံးကို အစိုးရမှ အကြံပြုထားသည့်အတိုင်း လက်ထဲ ရှိနေသည့် ပဲများကို ရောင်းချကြရန် ပြောကြားခဲ့သည်။

ပဲစင်းငုံသည် တစ်ကီလိုလျှင် ရူပီး ၁၂၀၊ မတ်ပဲသည် တစ်ကီလိုလျှင် ရူပီး ၁၁၀ ဖြင့် ဈေးငြိမ်နေသည်မှာ ၃ လရှိပြီဖြစ်သည်။ “မြန်မာနဲ့ မိုဇမ်ဘစ်တို့လို နိုင်ငံတွေကနေ ပဲစင်းငုံနှင့် မတ်ပဲပို့ကုန်တွေ အရှိန်မြှင့်တင်ပို့ဖို့ အစိုးရရဲ့ကြိုးပမ်းဆောင်ရွက်မှုတွေကြောင့် အခုလို ဈေးတည်ငြိမ်နေတာပါ။ ရည်မှန်းချက်က ကုန်စည် စီးဆင်းမှုမှာ တစ်ဆို့မှု ကင်းဖို့နဲ့ လှောင်မထားကြဖို့ ဖြစ်ပါတယ်" ဟု အစိုးရဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

မေလ အစောပိုင်းက စားသုံးသူရေးရာ အတွင်းဝန် Rohit Kumar Singh က မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအား ၎င်းတို့၏ ပဲပို့ကုန်များကို လှောင်ထားခြင်းမပြုရန် တိုက်တွန်းခဲ့ပြီး အစိုးရအနေဖြင့် အခြားရွေးချယ်စရာ နည်းလမ်းမကျန်သဖြင့် အစိုးရချင်း စာချုပ် ချုပ်ဆိုပြီး ဝယ်ယူသည့် အဖြစ်သို့ ရောက်ရှိသွားလိမ့်မည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယတွင် မတ်ပဲနှင့် ပဲစင်းငုံ အထွက်လျော့ကျသဖြင့် ပြည်တွင်းဖူလုံရေးအတွက် အစိုးရက ကြိုးပမ်းဆောင်ရွက် နေသည်။ ပဲစင်းငုံသည် ယမန်နှစ်က တန်ချိန် ၄၂ သိန်း ထွက်ရှိခဲ့သည်။ ယခုနှစ် (၂၀၂၂ ဇူလိုင်မှ ၂၀၂၃ ဇွန်လအထိ)တွင် တန်ချိန် ၃၇ သိန်း ထွက်ရှိမည်ဟု စိုက်ပျိုးရေး ဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ပဲကုန်သည်တို့က တန်ချိန် ၂၈ သိန်းထက် မပိုဟု ခန့်မှန်းထားသည်။

မတ်ပဲထွက်ရှိမည့်ပမာဏကို တန်ချိန် ၂၇ သိန်း ဝန်းကျင်ဟု ခန့်မှန်းထားသည်။ ယမန်နှစ်က တန်ချိန် ၂၈ သိန်း ထွက်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် ပြည်တွင်း ပဲစားသုံးမှု၏ ၁၅% ကို ပြည်ပမှ တင်သွင်းပြီး ဖြည့်တင်းပါသည်။

**Source: timesofindia**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6269-tur.html

## ရော်ဘာအတွက် ရေးထိုးခဲ့သော သဘောတူညီချက်သည် ထိုင်းကုမ္ပဏီများကို ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းအား မြှင့်တင်ပေးရန်ဖြစ်

ရော်ဘာထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ရှိ လုပ်ငန်းရှင်များ၏ နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ ထိုင်းနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ထိုင်းကုန်သည်ကြီးများအသင်းနှင့် ရော်ဘာအသင်းတို့ပူးပေါင်း၍ “ရော်ဘာစက်မှုလုပ်ငန်းသို့ ဘဏ္ဍာငွေထောက်ပံ့ပေးခြင်းစီမံချက်” အတွက် ရည်ရွယ်သည့်စာလွှာ (Letter of Intent) လက်မှတ်ရေးထိုးခဲ့ပါသည်။

ထိုင်းနိုင်ငံသည် တစ်နှစ်လျှင် ရော်ဘာနှင့်ရော်ဘာထုတ်ကုန် တန်ဖိုးစုစုပေါင်း ဘတ် ၆၈၀ ဘီလီယံကျော် တင်ပို့လျက်ရှိကြောင်း၊ ကုန်သည်ကြီးများအသင်း၊ ထိုင်းကုန်သွယ်ရေးဘုတ်အဖွဲ့၊ ရော်ဘာအသင်း၊ ထိုင်းပို့ကုန်လုပ်ငန်းရှင်များကောင်စီနှင့် ချေးငွေအာမခံပေးရေး ကော်ပိုရေးရှင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် ရော်ဘာစက်မှုလုပ်ငန်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေရရှိစေရန် ရည်ရွယ်ပါကြောင်း၊ ရော်ဘာနှင့် ရော်ဘာထုတ်ကုန်တို့၏

တန်ဖိုးကို မြှင့်တင်ပြီး ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာဈေးကွက်မျှဝေမှု တိုးမြှင့်ရရှိနိုင်သည့် အခွင့်အလမ်းများ ဖွင့်လှစ်ပေးနိုင်ရန် အတွက် ၂၀၂၃ ခုနှစ်တွင် ဘတ် ၂ ဘီလီယံကို ဘတ်ဂျက်တွင် လျာထားခဲ့ပါကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး Mr. Arkhom Termpittayapaisith က ပြောကြားခဲ့ပါသည်။

ယခင်နှစ်က ရော်ဘာကုန်ကြမ်းနှင့် ရော်ဘာထုတ်ကုန်များ စုစုပေါင်း တန် ၅၀၀,၀၀၀ တင်ပို့နိုင်ခဲ့ပြီး ပြည်တွင်းဝယ်ယူမှု တန် ၁ သန်း ဖြစ်ကြောင်း၊ ယခုနှစ်တွင် ရော်ဘာတင်ပို့မှု ၅ ရာခိုင်နှုန်း တိုးတက်လာရန် မျှော်မှန်းထားပါကြောင်း၊ မော်တော်ကားသုံးစွဲသူများသည် သမားရိုးကျမော်တော်ကားမှ လျှပ်စစ်မော်တော်ကားသို့ ပြောင်းလဲသွားကြသော်လည်း ရော်ဘာထုတ်ကုန်ဖြစ်သည့် မော်တော်ကားတာယာများ၏ ဝယ်လိုအားရှိနေဆဲဖြစ်ကြောင်း ထိုင်းပို့ကုန်လုပ်ငန်းရှင်များ ကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Chaichan Charoensuk က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ထိုင်းနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းစာရင်းဝင် ရော်ဘာတင်ပို့သည့် နိုင်ငံဖြစ်ကြောင်း၊ ရော်ဘာထုတ်ကုန်တင်ပို့မှုတွင် အဆင့် ၄ ဖြစ်ကြောင်း၊ အမေရိကန်၊ တရုတ်၊ မလေးရှား၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**Source:** www.bangkokpost.gov

https://myantrade.gov.mm/article/Naypyitawstp_010620230430

## သီးနှံသိုလှောင်ရေးစီမံချက်ပူးပေါင်းကော်မတီတစ်ရပ် (Inter-Ministerial Committee, IMC) အား အိန္ဒိယအစိုးရဖွဲ့စည်း

အိန္ဒိယနိုင်ငံ ဗဟိုအစိုးရအဖွဲ့က သမဝါယမကဏ္ဍ၌ ထူထောင်သွားမည့် ကမ္ဘာ့အကြီးဆုံးသီးနှံသိုလှောင်ရေးစီမံချက်ကို အထောက်အကူပြုနိုင်ရန်အတွက် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းကော်မတီတစ်ရပ်(Inter-Ministerial Committee, IMC)ကို ဖွဲ့စည်းခွင့်ပြုခဲ့ကြောင်း သိရသည်။ ယင်းသို့ကော်မတီဖွဲ့စည်းရသောရည်ရွယ်ချက်မှာ စိုက်ပျိုးရေးနှင့်တောင်သူလယ်သမားဖူလုံရေး၊ စားသုံးသူရေးရာ၊ အစားအစာနှင့်လူထုဖြန့်ချိရေး၊ အစားအသောက်ပြုပြင် ထုတ်လုပ်သောလုပ်ငန်းများဆိုင်ရာ ဝန်ကြီးဌာနများမှ အစီအစဉ်အားလုံးကို တစ်ပေါင်းတစ်စည်းတည်း ဆောင်ရွက် သွားနိုင်ရန်ဖြစ်သည်ဟုဆိုသည်။

အဆိုပါစီမံချက်ကို လက်တွေ့ကျပြီး၊ ရှေ့နောက်ညီညွတ်သော အကောင်အထည်ဖော်ဆောင်မှုဖြစ်စေရန်အတွက် သမဝါယမဝန်ကြီးဌာနက နိုင်ငံ၏ပြည်နယ်အသီးသီးရှိ ခရိုင်စုစုပေါင်း အနည်းဆုံး(၁၀)ခု၌ ရှေ့ပြေးစီမံကိန်းများ စတင် ဆောင်ရွက်သွားမည်ဟု အစိုးရကထုတ်ပြန်ထားသည်။

ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်ထဲရေးဝန်ကြီး Amit Shah ဦးဆောင်သော ပူးပေါင်းကော်မတီက အခြေခံ စိုက်ပျိုးစရိတ် ထုတ်ချေးသောအဖွဲ့အစည်း (PACS) များ၌ သီးနှံသိုလှောင်ရုံများကဲ့သို့ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် လိုအပ်သောလမ်းညွှန်မှုများပေးရန် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖော်ရေး လိုအပ်သော ရန်ပုံငွေကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ လက်ရှိအကောင်အထည်ဖော်လျက်ရှိသော အစီအစဉ်များမှ ခွဲဝေကျခံရမည် ဖြစ်ကြောင်း သိရသည်။

တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့ထွက်ရှိလာသော စိုက်ပျိုးသီးနှံများကို သိုလှောင်ထိန်းသိမ်းနိုင်စွမ်း နည်းပါး ခြင်းကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်စေကာ သီးနှံများကို မတန်တစ်ဆဈေးနှုန်းများဖြင့် ရောင်းချခြင်းမျိုးကိုဖြစ်စေကြောင်း၊ ယခုကဲ့သို့ အစိုးရ၏ဆုံးဖြတ်ချက်ကြောင့် တောင်သူများအနေဖြင့် ၎င်းတို့ဒေသ၏အပိုင်းလိုက်ရှိ PACS များမှတစ်ဆင့် ခေတ်မီသိုလှောင်ရုံများကို ရရှိသုံးစွဲလာနိုင်မှာဖြစ်သောကြောင့် သီးနှံများရောင်းချရာတွင် သင့်တင့်မျှတသောဈေးနှုန်းများကို ရရှိနိုင်မည်ဟု Mr. Shah က ၎င်း၏ တွစ်တာစာမျက်နှာ၌ ဖော်ပြထားသည်။ ယခုအစီအစဉ်ကြောင့် နိုင်ငံတော်အနေဖြင့် အစားအစာဖူလုံမှုကိုရရှိစေကာ သမဝါယမနှင့်ဆက်စပ်လျက်ရှိသည့် ထောင်ပေါင်းများစွာသော တောင်သူလယ်သမားများ အတွက်လည်း အကျိုးအကျေးဇူးရရှိနိုင်မှာဖြစ်ကြောင်း၊ PACS များအနေဖြင့် ခေတ်မီသိုလှောင်ရုံများကိုသာမက ဈေးနှုန်း

သင့်တင့်သော အရောင်းဆိုင်များ(Fair Price Shop )နှင့် စိုက်ပျိုးကိရိယာများငှားရမ်းရေးဗဟိုဌာနများ(Custom Hiring Centres) ကဲ့သို့သော အခြားလုပ်ဆောင်ချက်များစွာကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**Source: Trade Promotion Council of India**

**(စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2002062023%2012:%2048https://myantrade.gov.mm/article/STP(Yangon)%2002062023%2012:%2048

## Starbucks Coffee သည် တရုတ်နိုင်ငံကို ပိုကြီးမားသောဈေးကွက်ဖြစ်လာမည်ဟု မျှော်လင့်ထား

Starbucks ၏ ကမ္ဘာလုံးဆိုင်ရာ စီအီးအို Laxman Narasimhan က တရုတ်နိုင်ငံ၏ ကြီးမားသော ဈေးကွက်အလားအလာကို အလေးထားပြောကြားခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် တရုတ်ပြည်မကြီးတွင် Starbucks Coffee ဆိုင် (၉၀၀၀) ဖွင့်လှစ်ရန် ကုမ္ပဏီ၏ ရည်မှန်းချက်ကို ဆက်လက်ထားရှိရန် အကြံပြုခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ လူတစ်ဦးကျ ကော်ဖီသောက်သုံးမှုမှာ တိုးတက်လာသော်လည်း ဂျပန်နှင့် အမေရိကန်တို့၏ နောက်တွင် အတော်အတန်နောက်ကျနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးတိုးချဲ့ရန် အတွက် အခွင့်အလမ်းများစွာ ကျန်ရှိနေသေးသည့် အနေအထားဖြစ်သည်ဟု ကမ္ဘာပေါ်ရှိ အခြားမြို့များထက် ပိုများ၍ Starbucks ဆိုင်ပေါင်း (၁,၀၀၀) ကျော်ရှိသည့် ရှန်ဟိုင်းမြို့သို့ ရောက်ရှိချိန်အတွင်း Laxman Narasimhan က ပြောခဲ့ကြောင်းသိရှိရပါသည်။ တရုတ်နိုင်ငံသည် ကြီးမားသော စားသုံးသူ ဈေးကွက်ကြီးဖြစ်သည့်အတွက် တရုတ်နိုင်ငံအပေါ် ရည်မှန်းချက်များကြီးကြီး မားမားထားရှိကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

အမေရိကန်ကော်ဖီကုမ္ပဏီကြီးဖြစ်သည့် Starbucks သည် ၁၉၉၉ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ပထမဆုံးကော်ဖီဆိုင်ကို ဖွင့်လှစ်ခဲ့ပြီးနောက်၂၀၂၃ခုနှစ်၊ ဧပြီလ (၂)ရက်နေ့၌ တရုတ်နိုင်ငံရှိ မြို့ပေါင်း (၂၄၄)မြို့တွင် ဆိုင်ခွဲပေါင်း (၆,၂၀၀)ကျော်ကို လည်ပတ်လျက်ရှိကြောင်း သိရှိရပါသည်။

COVID-19 ၏ အကျိုးသက်ရောက်မှုများရှိခဲ့သော်လည်း ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ဆိုင်ခွဲပေါင်း (၉,၀၀၀)အထိ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် အစီအစဉ်များကို လွန်ခဲ့သောနှစ်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ၌ ဈေးကွက်ကြီးထွားလာရန် ၎င်းတို့အနေဖြင့် အချိန်အတော်ကြာ ဆောင်ရွက်ခဲ့ပြီး ဆိုင်ခွဲပေါင်း (၉,၀၀၀)သည် ၎င်းတို့အတွက် လာမည့်သုံးနှစ်အတွင်း ပိုမိုကြီးမားသော ဈေးကွက်တစ်ခုဖြစ်စေမည့် သမိုင်းမှတ်တိုင်တစ်ခုသာ ဖြစ်သည်ဟု စီအီးအိုက ထပ်လောင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မေလ (၂၉) ရက်နေ့တွင် Narasimhan နှင့် တွေ့ဆုံနေစဉ် ရှန်ဟိုင်းမြို့တော်ဝန် Gong Zheng က ကော်ဖီသည် ရှန်ဟိုင်း ဘဝပုံစံ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုနှင့် မြို့တော်၏ နိုင်ငံတကာ ယဉ်ကျေးမှုတစ်ခု ဖြစ်လာခဲ့ကြောင်း၊ Starbucks အနေဖြင့် ရှန်ဟိုင်းတွင် သုတေသနနှင့် ရင်းနှီး မြှုပ်နှံမှုကို ဆက်လက်လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

မေလအစောပိုင်းတွင် ထုတ်ပြန်ခဲ့သော Starbucks ၏ဘဏ္ဍာရေးအစီရင်ခံစာတွင် တရုတ်နိုင်ငံရှိ ၎င်းတို့၏စီးပွားရေး လုပ်ငန်းသည် ယခုနှစ်တွင် ပြန်လည်ကောင်းမွန်လာပြီး ဖောက်သည်များသည် ကော်ဖီဆိုင်များသို့ ပိုမိုလာရောက်ခဲ့ကြသည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။

၂၀၂၃ ဘဏ္ဍာနှစ်၏ ဒုတိယသုံးလပတ်တွင် တရုတ်နိုင်ငံ၌ ကုမ္ပဏီ၏ အသားတင်အမြတ် တိုးတက်မှုမှာ (၃)ရာခိုင်နှုန်း ရှိခဲ့၍ Starbucks ဆိုင်ခွဲပေါင်း (၁၅၃)ခုကို အသစ်ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်လေးလပတ်ထက် (၂)ဆတိုးလာကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံတွင် ဝင်ငွေများ လျင်မြန်စွာတိုးတက်လာခြင်း၊ မြို့ပြဖြစ်ထွန်းမှုလျင်မြန်လာခြင်းနှင့် အသစ်အဆန်း သောက်သုံးရန် စိတ်ဝင်စားလာခြင်းတို့ကြောင့် ထုံးတမ်းစဉ်လာအရ လက်ဖက်ရည်သောက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် မကြာသေးမီ ဆယ်စုနှစ်များတွင် ကော်ဖီနှင့်အခြားယမကာအသစ်များကို ပိုမိုသောက်သုံးသည့်နိုင်ငံ ဖြစ်လာ ခဲ့ကြောင်းသိရှိရပါသည်။

အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးပလက်ဖောင်းဖြစ်သည့် Meituan ၏အဆိုအရ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် ယွမ် (၂၀၀)ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈ ဘီလီ ယံခန့်)ရှိသည်ဟု ခန့်မှန်းရပြီး ၂၀၂၅ ခုနှစ်တွင် ယွမ် (၃၆၉) ဘီလီယံသို့ ရောက်ရှိမည်ဟု ခန့်မှန်း ထားကြောင်း သိရှိရပါသည်။

**Source:** https://english.news.cn/20230530/47747a5a5ceb417ba18b956582eb7957/c.html

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_020620230953

## ၂၀၂၂ ခုနှစ်က VPA ဒဏ်ကြေးပေးဆောင်ရသည့် ကုမ္ပဏီများကို Refund ပြန်ထုတ်ပေးမည်

၂၀၂၂ ခုနှစ် အတွင်း VPA ဒဏ်ကြေးငွေပေးဆောင်ထားသော ကုမ္ပဏီများအား Refund ပြန်လည် ထုတ်ပေးခြင်းနှင့် ဒဏ်ကြေးငွေ ကင်းလွတ်ခွင့်ပြုမည်ဟု အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်သည်။

၂၀၂၂ခုနှစ် ဧပြီလမှ စတင်ကာ (၄) လတာ ကာလအတွင်း ဒါဏ်ကြေးငွေ ပြန်ပေးမည့်ကုမ္ပဏီ (၇၄၈)ခု၏ အမည်စာရင်း တို့ကို ထုတ်ပြန်သည်။

၂၀၂၂ခုနှစ် ဧပြီလ(၃)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်နေ့အတွင်း သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ကြိုတင် ရောက်ရှိခဲ့သော ကုန်ပစ္စည်းများ နှင့်ပတ်သက်၍ VPA ဒဏ်ကြေးဖြစ်ပေါ်ခဲ့သော အမှုတွဲများအား စိစစ်ရေးအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။

စိစစ်တွေ့ရှိချက်များအရ သတ်မှတ်ချက်နှင့် အကျုံးဝင်သော ဒဏ်ကြေးငွေ ပေးသွင်းပြီးသည့်အမှုတွဲ (၇၄၈) မှ အား ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေနှင့်အညီ Refund ပြန်လည်ပေးအပ်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒဏ်ကြေးငွေပေးသွင်းရန် ဆောင်ရွက်ဆဲအမှုတွဲ (၁၇) မှုအား ဒဏ်ကြေးကင်းလွတ်ခွင့်ပြုခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

သတ်မှတ်ချက်နှင့် အကျုံးဝင်သော ကုမ္ပဏီများအနေနှင့် ကုမ္ပဏီ Letter Head ဖြင့် Refund လျှောက်လွှာ၊Release Order၊ဒဏ်ကြေးငွေပေးသွင်းထားသည့် အထောက်အထား၊လိုင်စင်မူရင်း(သို့မဟုတ်)မိတ္တူ၊ BL (or) Airway Bill၊ထသက လိုင်စင်မိတ္တူ နှင့် Invoice/Packing list စာရွက်စာတမ်းများနှင့်အတူ ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးမှ ကိုယ်တိုင်လက်မှတ်ရေးထိုး၍ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဟုဆိုသည်။

ကုမ္ပဏီများအနေဖြင့် VPA ဒဏ်ကြေးငွေ ပေးသွင်းပြီးသော အမှုတွဲ (၇၄၈)မှုနှင့်ပတ်သက်ပြီး ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ(၄၀)နှင့်အညီ Release Order ထွက်ရှိပြီးသည့်နေ့မှစ၍ တစ်နှစ်အတွင်း အကောက်ခွန်ဦးစီးဌာနသို့ Refund လျှောက်ထားစေရန်နှင့် VPA ဒဏ်ကြေးငွေပေးသွင်းရန် ဆောင်ရွက်ဆဲအမှုတွဲ (၁၇)မှုနှင့် ပတ်သက်၍လည်း VPA ဒဏ်ကြေးကင်းလွတ်ခွင့်ပြုခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးဌာနက ဆိုသည်။

VPA ဒါဏ်ကြေးပေးသွင်းထားပြီး ကင်းလွတ်ခွင့်ရရှိသော ကုမ္ပဏီ(၇၄၈)ခု၏ အချက်အလက်များကို ကုန်သည်စက်မှု အသင်းချုပ် (UMFCCI) ၏ Facebook page စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2025585

## ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ မလိုအပ်ဘဲ ဝယ်ယူစုဆောင်းခြင်းမပြုရန် ဗဟိုဘဏ်ပြော

ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များအနေနှင့် ဘဏ်စနစ်ဖြင့်သာ ကျပ်ငွေ၊ ဒေါ်လာပေးချေမှုတို့ကို ဆောင်ရွက်ရမည်ဖြစ်ကာ မလိုအပ်ဘဲ ဝယ်ယူစုဆောင်ခြင်းမပြုရန် ဗဟိုဘဏ်က အသိပေးထုတ်ပြန်သည်။

Export နှင့် Import များ ပြုလုပ်ရာတွင် ခွင့်ပြုချက်နှင့် အညီ ဘဏ်များမှ တဆင့် ငွေကြေးဝယ်ယူရောင်းချရမည်ဖြစ်ပြီး လိုအပ်ချက်များကို ဗဟိုဘဏ်က ပံ့ပိုးဖြည့်ဆည်းပေးမည်ဟု ၂၀၂၃ ခုနှစ် မေလ(၂၅)ရက်နေ့ ရက်စွဲဖြင့် အသိပေးချက်တွင် ပါရှိသည်။

ဘဏ်များသည် Exporter နှင့် Importer များအတွက် လိုအပ်သော မြန်မာကျပ်နှင့် အမေရိကန်ဒေါ်လာများရောင်းချခြင်း၊ Pre-Shipment နှင့် Post-Shipment ချေးငွေများ ပံ့ပိုးလျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ဘဏ်များမှ တဆင့် USD Liquidity နှင့် MMK Liquidity များ ပံ့ပိုးပေးလျက်ရှိသည် ဟု ဖော်ပြထားသည်။

Exporter နှင့် Importer များအနေဖြင့် လိုင်စင်ခွင့်ပြုချက်နှင့်အညီ ဘဏ်စနစ်ဖြင့်သာ ပေးချေမှုများ ဆောင်ရွက် ရမည်ဖြစ်ပြီး မြန်မာကျပ်နှင့်နိုင်ငံခြားငွေရောင်းဝယ်ခြင်း၊ Trade Financing များကို ဘဏ်များမှတဆင့်ရယူနိုင်ကာ မလိုအပ်ဘဲ ဝယ်ယူစုဆောင်းခြင်း မပြုလုပ်ရန် ဗဟိုဘဏ်က အသိပေးထုတ်ပြန်ထားသည်။

Exporter များအနေဖြင့် သတ်မှတ်ကာလအတွင်း ဘဏ်သို့ရောင်းချခြင်းမရှိပါက သတ်မှတ်စည်းမျဉ်းနှင့်အညီ အရေးယူမည်ဟု ဖော်ပြထားသည်။

Exporter နှင့် Importer များအနေဖြင့်လည်း ရောင်းဝယ်လိုသည့်ပမာဏကို ဘဏ်စနစ်မှ တစ်ဆင့်ဆောင်ရွက်ရန်နှင့် ဘဏ်များအနေဖြင့် Exporter နှင့် Importer များ၏ နိုင်ငံခြားငွေ လိုအပ်ချက်များကိုစောင့်ကြည့်ပြီး ပံ့ပိုးပေးရန် အဆင်သင့်ရှိသည်ဟု ဖော်ပြထားသည်။

ဗဟိုဘဏ်သည် USD Liquidity နှင့် MMK Liquidity ကို ဘဏ်များမှတစ်ဆင့် Exporter နှင့် Importer များကို ပံ့ပိုးလျက်ရှိရာ ဘဏ်များမှတစ်ဆင့် လိုအပ်ချက်ကို တင်ပြနိုင်သည်ဟုဆိုသည်။

ဘဏ်များ၏ ငွေရေးကြေးရေးအခြေအနေများကို ဗဟိုဘဏ်မှ (၃)လတစ်ကြိမ် ငွေရေးကြေးရေး ကိန်းဂဏန်းဆိုင်ရာ အစီရင်ခံစာများထုတ်ပြန်ထားပြီး Export နှင့် Import များအတွက် ပေးချေမှုများကို ဘတ်နှင့်ယွမ်များဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေး ခွင့်ပြုပြီးဖြစ်သောကြောင့် ပြည်တွင်း၊ ပြည်ပပေးချေမှုများ အဆင်ပြေစွာပေးချေ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြပါရှိသည်။

ကောလာဟလများဖြင့် ဈေးကစားခြင်းပြုလုပ်ပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2025584

## STOCK EXCHANGE (2.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,171 (Shares) | 18,533,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 50 | 405,000 | 33,109,694 | 268,189 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 2,722 | 7,893,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 158 | 1,153,400 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | +50 | +3.45% | 1,450 | 1,500 | 1,450 | 6,209 | 9,003,100 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 32 | 78,400 | 12,823,224 | 31,417 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 2nd Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 360.00 | -1.41 | -0.39% | 361.41 | 361.88 | 360.00 | 9,171 | 18,533,700 | 7 | 634,357 |

### Index chart

Zoom: 5d 1m 3m 6m 1y 2y 5y All




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 2nd Jun. 2023

| Trading Volume | Trading Value |
|---|---|
| 9,171 (Shares) | 18,533,700 (MMK) |

## Main Board

As of 1:00 pm, 2nd Jun. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,171 (Shares) | 18,533,700 (MMK) |

| MYANPIX | 360.00 ▼ 1.41 |
|---|---|
| Total Volume (shares) | 9,171 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 634,357 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |